မြန်မာနိုင်ငံသို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလမ်းစဉ်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီးမြန်မာနိုင်ငံ၏ အရှိန်အဟုန်မြင့်သော ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုကို ထောက်ပံ့ပေးရန်အတွက် ၂၀၁၂-ခုနှစ် ဇူလိုတွင် ဂျပန်နိုင်ငံ၏စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလမ်းစဉ်များကို ပြန်လည်ပြင်ဆင်ပြီး အောက်ပါနယ်ပယ်များကို အဓိကထားပြီး အထောက်အပံ့များကို ပေးအပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

အဓိကကျသော နယ်ပယ်သုံးခု

1 ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားစေရန်အတွက်ထောက်ပံ့မှု

(တိုင်းရင်းသားလူနည်းစုမျိုးနွယ်များနှင့် ဆင်းရဲသားအလွှာများကို ထောက်ပံ့ပေးရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နယ်ခြေဒေသဖွံ့ဖြိုးရေးတိုးတက်မှုတို့ ပါဝင်သည်။)

2 စီးပွားရေးနှင့် လူမှုရေးကို အထောက်အကူပြုမည့် လူ့ဓမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် စနစ်များ တည်ဆောက်ရန်အတွက် ထောက်ပံ့မှု

(ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု လမ်းစဉ်များအတွက် ထောက်ပံ့မှုများ ပါဝင်သည်။)

3 စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံနှင့် စနစ်များ တည်ဆောက်ရန် စသည်တို့ကို ထောက်ပံ့မှုများ

■ မြန်မာနိုင်ငံသို့ ပေးအပ်သည့် ဂျပန်နိုင်ငံ၏ ထောက်ပံ့ငွေပမာဏ (၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ)

(ယူနစ် : ယန်းသန်းတစ်ရာ)

(ဘဏ္ဍာရေးနှစ်)	(ယန်းချေးငွေ)	(ထောက်ပံ့မှု)	(နည်းပညာပူးပေါင်းဆောင်ရွက်မှု)
(၂၀၁၁ ဘဏ္ဍာရေးနှစ်)	–	၄၆.၄၄	၁၇.၄၅
(၂၀၁၂ ဘဏ္ဍာရေးနှစ်)	၁,၉၈၉.၀၀	၂၇၇.၃၀	၃၇.၉၉
(၂၀၁၃ ဘဏ္ဍာရေးနှစ်)	၅၁၀.၅၂	၁၉၆.၈၆	၆၁.၅၉
(၂၀၁၄ ဘဏ္ဍာရေးနှစ်)	၉၈၃.၄၄	၁၈၁.၈၉	၇၀.၅

* ၂၀၁၃-ခုနှစ်တွင် ယန်း ၃၀၀ ဘီလီယံခန့် အကြွေးများလျော်ပေးခဲ့ပါသည်။

ရန်ကုန်မြို့ ဖြိုဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြဆယ်ယူပို့ဆောင်ရေး Master Plan

ရန်ကုန်တိုင်းဒေသကြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြဆယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် မြန်မာတစ်ပြည်လုံးစီးပွားရေးတိုးတက်ရန်အတွက် လိုအပ်ချက်တုပင်ဆိုနိုင်ပါသည်။ ရှေ့ဆက်ပြီး လူဦးရေတိုးတက်လာမည်ဟု ခန့်မှန်းရပြီး မြို့ကြီးတစ်မြို့အဖြစ် ဖွံ့ဖြိုးတိုးတက်သွားမည့် ရန်ကုန်မြို့၏ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ဂျပန်အစိုးရသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအာဖွဲ့နှင့်အတူ ရန်ကုန်မြို့၏ အနာဂတ်ပုံစံနှင့် အစီအစဉ်များကို ရေးဆွဲသည့် Master Plan ကို ပြုစုခဲ့ပါသည်။ ဆက်လက်၍လည်း Master Plan ကို အခြေခံပြီး ရန်ကုန်တိုင်းဒေသကြီး၏ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ထောက်ပံ့ကူညီသွားပါမည်။





(ရန်ကုန်မြစ်အနီးအနားရှိ ရန်ကုန်မြို့အပိုင်း)

သီလဝါ SEZ (အထူးစီးပွားရေးဇုန်)
မြန်မာစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြင့်တင်ပေးခြင်း

ရန်ကုန်မြို့အရှေ့တောင်ပိုင်း ၂၀ ကီလိုမီတာခန့်အကွာတွင် တည်ရှိသည့် သီလဝါဒေသသည် လွန်ခဲ့သော ဥ နှစ်ခန့်က ရန်ကုန်မြစ်တစ်လျှောက်ရှိ မြေလွတ်မြေရိုင်းများသာတည်ရှိခဲ့သည့်နေရာဖြစ်ခဲ့သော်လည်း အခုအချိန်တွင် ဂျပန်အပါအဝင်နိုင်ငံအသီးသီးမှ နိုင်ငြားလုပ်ငန်းရှင်များ စက်ရုံအလုပ်ရုံများတည်ဆောက်ကြပြီး အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်လာပြီး သက်ဝင်လှုပ်ရှားလျက်ရှိနေပါသည်။

ဆက်စပ်ကားလမ်းများ၊ လျှပ်စစ်နှင့် ရေစသည့် အခြေခံအဆောက်အအုံများကို ဂျပန်အစိုးရက ထောပေးအပ်သည့်ချေးငွေများဖြင့် အဆင့်မြှင့်တင်ပြီး အထူးစီးပွားရေးဇုန်အတွင်းရှိ အဆောက်အအုံများနှင့် ပစ္စည်းကိရိယာများ ဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကလုပ်ငန်းများက အဆင့်မြှင့်တင်လျက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံတွင် ဂျပန်အစိုးရပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုသာဓကတစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။



သီလဝါအထူးစီးပွားရေးဇုန်ဖွင့်ပွဲအခြေအနေ

အသေးစိတ်ကို အောက်ပါဝက်ဆိုက်တွင် ကြည့်နိုင်ပါသည်။

(နိုင်ငံခြားရေးဝန်ကြီးဌာန) http://www.mofa.go.jp/

(ဂျပန်နိုင်ငံ၏မြန်မာနိုင်ငံသို့ထောက်ပံ့မှုများ) http://www.mm.emb-japan.go.jp/profile/english/oda.html


၂၀၁၇/၀၂

From
the People of Japan

Japan's Assistance to Myanmar

ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံသို့ ထောက်ပံ့မှုများ

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီပွားရေးပြုပြင်ပြောင်းလဲရေးတို့၏ အသီးအပွင့်များ မြန်မာပြည်သူများ ရောက်ရှိခံစားနိုင်ရန်။



ရန်ကုန်မြို့သောက်သုံးရေဆိုင်ရာ အရေးပေါ်မြှင့်တင်ရေးစီမံကိန်း



ရှမ်းပြည်နယ်မြောက်ပိုင်း မူးယစ်ဆေးဝါးပယျောက်ရေး စီမံကိန်း



အသေးစားစီမံကိန်းများထောက်ပံ့မှုအစီအစဉ်(ကရင်ပြည်နယ်၊ ဘားအံမြို့ အိန္ဒူမူလတန်းကြိုကျောင်းဆောက်လုပ်ခြင်းစီမံကိန်း)

နိုင်ငံခြားရေးဝန်ကြီးဌာန

မြန်မာနိုင်ငံအတွက် အမိကကျသော ကူညီထောက်ပံ့ရေး စီမံကိန်းများ

မြန်မာစီးပွားရေး လူမှုဘဝမြို့ပြုတိုးတက်ရေးနှင့် လူမှုဘဝဖူလုံစေရေး အထောက်အကူပြုရန်အတွက် ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံဒေသအသီးသီးတွင် ငွေကြေးဆိုင်ရာ အထောက်အပံ့များနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပါသည်။

တရားဥပဒေစိုးမိုးရေးစောင့်တာ (UNDP နှင့် ပူးပေါင်းဆောင်ရွက်မှု)



ရန်ကုန်၊ တောင်ကြီး၊ မြစ်ကြီးနားတို့တွင် ရေနေများအပါအဝင် ဥပဒေရေးရာ တာဝန်ရှိသူများ၊ ဒေသခံကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအတွက် ဥပဒေစိုးမိုးရေးမြှင့်တင်ခြင်းဆိုင်ရာ ဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးပြီး ဥပဒေစိုးမိုးမှုဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် တာဝန်များနှင့် ပတ်သက်သည့် နားလည်မှုများ မြှင့်တင်ရန်ရည်ရွယ်ပါသည်။

ရေဘေးသင့်ကျောင်းများ ပြန်လည်တည်ဆောက်ရေးစီမံကိန်း



၂၀၁၅ခုနှစ် ရေဘေးသင့်ခဲ့သည့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ခြင်း နှင့် ပြန်လည်တည်ဆောက်ခြင်း။

အလယ်ပိုင်းဒေသကျန်းမာရေးဆိုင်ရာ အဆောက်အအုံများမြှင့်တင်ရေးစီမံကိန်း





မိခင်နှင့်ကလေးကျန်းမာရေးစသည့် ကျန်းမာရေးညွှန်းကိန်းများ တစ်နိုင်ငံလုံးအဆင့်မှာပင် အနိမ့်ဆုံးဖြစ်နေသည့် အလယ်ပိုင်းဒေသအပူပိုင်းခရိုင်များတိုင်းဒေသကြီးတွင် ကျန်းမာရေး ဆေးပေးခန်းဆောက်လုပ်ခြင်း (၃၂နေရာ)နှင့် ဆေးရုံနှင့်ဆေးပေးခန်းများသို့ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများအဆင့်မြှင့်တင်ခြင်း (၇၃နေရာ) စသည့်တို့ကို ထောက်ပံ့ပေးခဲ့သည့် စီမံကိန်းဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးစုဒေသများတွင် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုစီမံကိန်း (WFP နှင့် ပူးပေါင်းဆောင်ရွက်မှု)



ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ ရွှေ့ပြောင်းဒုက္ခသည်များအတွက် စားနပ်ရိက္ခာများထောက်ပံ့ပေးခြင်းဖြစ်ပြီး ရွှေ့ပြောင်းဒုက္ခသည်များ၏ စားနပ်ရိက္ခာနှင့် အာဟာရအဆင့်အတန်းများ ပြန်လည်ကောင်းမွန်လာစေရန် ရည်ရွယ်ပါသည်။

Mangrove စိုက်ပျိုးရေးစီမံကိန်း

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည် **Mangrove** ကို ပြန်လည်စိုက်ပျိုးရန်နှင့် အရေးပေါ်တိမ်းရှောင်နိုင်သည့် အဆောက်အအုံများတည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။



စီမံကိန်းမစတင်မီပုံ



စီမံကိန်းပြီးမြောက်ပုံ

မူလတန်းနှင့်အလယ်တန်းကျောင်းများ အဆင့်မြှင့်တင်ရေးစီမံကိန်း



ဧရာဝတီတိုင်းဒေသကြီး ဟသံတမြို့နယ် မူလတန်းကျောင်း ကျောင်းဆောင်နှင့် သန့်စင်ခန်းဆောက်လုပ်ပေးခြင်း။

ရန်ကုန်မြို့ပတ်ရထားပို့ဆောင်ရေးအဆင့်မြှင့်တင်ရေးစီမံကိန်း



ရန်ကုန်မြို့ပတ်ရထားလိုင်းတွင် အချက်ပြစနစ်မီးရထားကုမ္ပဏီက အသုံးပြုခဲ့သော ရထားတွဲ ၁၀ တွဲကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တောင်ပိုင်းရှိ ဒေသကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာစီမံကိန်း (အပိုင်း - ၂)



ဒေသ၏ကျန်းမာရေးဆိုင်ရာအခြေခံနေများ ပြန်လည်ကောင်းမွန်စေရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲ စသည့်တို့ကိုလည်း ကျင်းပပေးခြင်းဖြင့် လူစွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးပြီး ပြည်သူအားလုံးကျန်းမာရေးနှင့် ကိုယ်လက်သန့်ရှင်းမှုအား စိတ်ဝင်စားမှုများနှင့် အသိပညာများ မြှင့်တင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။

ဓာတုိက်စနစ်ပြန်လည်ကောင်းမွန်ရေး

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သုတေသနဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း



စိုက်ပျိုးရေးတက္ကသိုလ်သုတေသနဆိုင်ရာစွမ်းရည်မြှင့်တင်ရန်အတွက် လိုအပ်သည့် သုတေသနဆိုင်ရာပစ္စည်းကိရိယာများနှင့် စာသင်ခန်းများထောက်ပံ့ပေးခြင်း။

ဝိုးလေဝသရေဒါမျှော်စင်တည်ဆောက်ရေးစီမံကိန်း



ဆိုင်ကလုန်းမုန်တိုင်းနှင့် ဝိုးသည်းထန်စွာရွာသွန်းခြင်းစသည့် ဝိုးလေဝသသတင်း အချက်အလက်များကို လျင်မြန်စွာနှင့် အသေးစိတ်သိရှိနိုင်ရန်အတွက် ရေဒါမျှော်စင်ကို တည်ဆောက်ပြီး သတိပေးချက်များအပါအဝင် သတင်းအချက်အလက်များ လျင်မြန်စွာ ထုတ်လွှင့်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ကျောက်ဖြူမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့တွင် တည်ဆောက်ရန်ဆောင်ရွက်ခဲ့ပြီး ဝိုးလေဝသရေဒါမျှော်စင်ကို ကျောက်ဖြူတွင် ၂၀၁၅ခုနှစ်၌ ဆောက်လုပ်ပြီးရန်ကုန်တွင် ၂၀၁၆ ခုနှစ်၌ ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

သာကေတ တံတားအသစ်တည်ဆောက်ရေးစီမံကိန်း



ဝိုးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်မြှင့်တင်လာမှုနှင့် ယခုလတ်တလော ပိုမိုဆိုးရွားလာသည့်ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ရန်အတွက် လက်ရှိသာကေတ တံတားကို အသစ်လဲလှယ်တည်ဆောက်ရန် ဆောင်ရွက်ခဲ့ပါသည်။



မြန်မာပြည်သူများ နယ်မြေဒေသမရွေး စာတိုက်ဝန်ဆောင်မှုများ အသုံးပြုနိုင်ရန် ဂျပန်စာတိုက်လုပ်ငန်း၏ အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို မြန်မာစာတိုက် လုပ်ငန်းသို့ လက်ဆင့်ကမ်းပေးခြင်း။

L ချေးငွေထောက်ပံ့မှုအစီအစဉ် G ထောက်ပံ့မှုအစီအစဉ် T နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်
N ဂျပန် NGO နှင့် ပူးပေါင်းဆောင်ရွက်မှု၊ အသေးစားစီမံကိန်းများနှင့် လူသားလုံခြုံရေးထောက်ပံ့ပေးမှု အစီအစဉ်

L G T ၂၀၁၁ - ၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းများ
N ၂၀၁၅ ဘဏ္ဍာရေးနှစ်၏ စီမံကိန်းများ